Colors Rainbow

မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး
အထောက်အကူပြုဌာန

၂၀၁၉ ခုနှစ်၊ ဧပြီလ၊ ၃၀ ရက်နေ့

# လေးစားအပ်ပါသောတန်းတူညီမျှအရေးထောက်ခံသူများ။

## LGBTI များ၏ တန်းတူအခွင့်အရေးအတွက် မေလ ၁၇ရက်နေ့တွင် အလံလွှင့်ထူခြင်းအစီအစဉ်

မေလ ၁၇ရက်နေ့တွင် နှစ်စဉ်ကျင်းပသည့် နိုင်ငံတကာ လိင်တူချစ်သူများအပေါ် ရွံ့ရှာမုန်းတီးရေးကို ဆန့်ကျင်သောနေ့ International Day Against Homophobia, Transphobia, and Biphobia (IDAHOT) တွင် ကမ္ဘာတစ်ဝှမ်းရှိ ရာနှင့်ချီသော ကုမ္ပဏီပေါင်းများစွာနှင့်အတူ အမျိုးသမီးအချင်းချင်းကို ချစ်သူ (Lesbian)၊ အမျိုးသားအချင်းချင်းကို ချစ်သူ (Gay)၊ လိင်တူလိင်ကွဲကိုချစ်သူ (Bisexual)၊ ဆန့်ကျင်ဘက်လိင်လို ဝတ်စားဆင်ယင် နေထိုင်သူ (Transgender) နှင့် Intersex (LGBTI) များ၏ တန်းတူညီမျှရေးအတွက် ရပ်တည်ကြပါရန် တိုက်တွန်းအပ်ပါသည်။

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလတွင် LGBTI များ အပေါ်ခွဲခြားဆက်ဆံမှု ပပျောက်ရန် ကြိုးပမ်းရာတွင် စီးပွားရေးလုပ်ငန်း နယ်ပယ်အတွက် အထောက်အကူဖြစ်စေရန် ကုလသမဂ္ဂလူ့အခွင့်အရေးရုံး၏ Free and Equal Campaign မှ https://www.myanmar-responsiblebusiness.org/my/resources/un-standards-of-conduct-lgbti.html "စီးပွားရေးလုပ်ငန်းများအတွက် ကျင့်ဝတ်စံနှုန်းများ" ကို ထုတ်ဝေခဲ့ပါသည်။ ဤစံသတ်မှတ်ချက်များသည် ကုလသမဂ္ဂ၏ UN Global Compact နှင့် UN Guiding Principles on Business and Human Rights ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်မှုများနှင့် ကိုက်ညီသည့် စံသတ်မှတ်ချက်ဖြစ်သည်။ ဤစံသတ်မှတ်ချက်သည် ကုမ္ပဏီများအား အောက်ပါအတိုင်းလုပ်ဆောင်ရန် အမြဲတိုက်တွန်းအားပေးနေသော စံလည်းဖြစ်ပါသည်။

အချိန်တိုင်း

- **လူ့အခွင့်အရေးများကို လေးစားလိုက်နာရမည်။** စီးပွားရေးလုပ်ငန်းများသည် LGBTI များ၏ လူ့အခွင့်အရေးကို လေးစားရန် မူဝါဒများချမှတ်ခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများ မရှိစေရန် အထူးအလေးထား လိုက်နာဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို (due diligence) လုပ်ဆောင်ခြင်းနှင့် ဆိုးကျိုးသက်ရောက်မှုများကို ကုစားမှုများ ပြုလုပ်ခြင်းတို့ ဆောင်ရွက်သင့်သည်။ စီးပွားရေးလုပ်ငန်းများသည် လူ့အခွင့်အရေး စံနှုန်းသတ်မှတ်ချက်များနှင့် အညီ ၎င်းတို့၏ လုပ်ကိုင်ဆောင်ရွက်မှုများကို ကြီးကြပ်သုံးသပ်ရန်နှင့် ဆက်သွယ်ပြောကြားရန် နည်းလမ်းစနစ်များကိုလည်း ချမှတ်ထူထောင်သင့်သည်။

အလုပ်ခွင်၌

- 🏳️‍🌈 **ခွဲခြားဆက်ဆံမှုကို တိုက်ဖျက်ရမည်။** စီးပွားရေးလုပ်ငန်းများသည် လုပ်သားရှာဖွေမှု၊ အလုပ်ခန့်အပ်မှု၊ လုပ်ငန်းခွင် အခြေအနေများ၊ အကျိုးအမြတ်ခံစားခွင့်များ၊ တစ်ဦးတစ်ယောက်စီ၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို လေးစားမှု (သို့မဟုတ်) ထိပါးနှောင့်ယှက်မှုများကို ဖြေရှင်းမှုများတွင် ခွဲခြားဆက်ဆံမှုမရှိစေရန် လုပ်ဆောင်သင့်သည်။
- 🏳️‍🌈 **ထောက်ပံ့ကူညီပေးရမည်။** စီးပွားရေးလုပ်ငန်းများသည် LGBTI ဝန်ထမ်းများ နှိမ့်ချဆက်ဆံခံရခြင်း၊ ခွဲခြားဆက်ဆံခံရခြင်းများ မခံကြရဘဲ ဂုဏ်သိက္ခာရှိစွာ လုပ်ကိုင်နိုင်ရန်အပြုသဘော ဆောင်သော လေးစားမှုရှိသည့် LGBTI ဝန်ထမ်းများအတွက် ပံ့ပိုးပေးသော လုပ်ငန်း ပတ်ဝန်းကျင် ဖြစ်စေရန် လုပ်ဆောင်ရမည်။

ဈေးကွက်၌

- 🏳️‍🌈 **လူ့အခွင့်အရေးချိုးဖောက်မှုများကို တားမြစ်ရမည်။** စီးပွားရေးလုပ်ငန်းများသည် LGBTI ပစ္စည်းပေးသွင်းသူ (Suppliers) များနှင့် ဖြန့်ချိသူများ သို့မဟုတ် ဝယ်ယူစားသုံးသူများအား ခွဲခြားဆက်ဆံမှု မပြုသင့်ပါ။ အခြားစီးပွားရေးလုပ်ဖော်ကိုင်ဖက်များမှ ခွဲခြားဆက်ဆံမှုနှင့် ဆက်နွယ်သော နိုင်ထက်စီးနင်းပြုမှုမှုများကို တားဆီးရန် ၎င်းတို့၏ ထိုသူများအပေါ် ဩဇာလွှမ်းမိုးနိုင်မှုကို အသုံးပြုသင့်သည်။

ရပ်ရွာအသိုက်အဝန်း ပတ်ဝန်းကျင်၌

- 🏳️‍🌈 **လူထုအသိုက်အဝန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်။** စီးပွားရေးလုပ်ငန်းများသည် ၎င်းတို့လုပ်ငန်းများ လည်ပတ်လုပ်ကိုင်ရာ နိုင်ငံများရှိ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ရပ်တန့်စေရန် လုပ်ဆောင်မှုများတွင် ပါဝင်ကြရန် တိုက်တွန်းပါသည်။ ထိုသို့ ပြုလုပ်ရာတွင် လူထုကြား စည်းရုံးလှုံ့ဆော်မှု၊ စုပေါင်းဆောင်ရွက်မှု၊ လူထုကြားအပြန်အလှန် ဆွေးနွေးမှု၊ LGBTI အဖွဲ့အစည်းများအတွက် ပံ့ပိုးမှုနှင့် အစိုးရ၏ နိုင်ထက်စီးနင်းပြုမှုမှုများ၊ စိန်ခေါ်မှုများ အပါအဝင် လုပ်ဆောင်နိုင်သည့် ခြေလှမ်းများကို ဖော်ထုတ်ရန် ဒေသခံလူထုအသိုက်အဝန်းနှင့် ဆွေးနွေးတိုင်ပင်သင့်သည်။

ထိုအချိန်မှစပြီး ကမ္ဘာတစ်ဝှမ်းရှိ ကုမ္ပဏီပေါင်း ၂၀၀ ခန့် ဤစံသတ်မှတ်ချက်အပေါ် ကတိကဝတ်ထားလာခဲ့ကြပါသည်။ (see list in II Annex).

**ထို့ကြောင့် မြန်မာနိုင်ငံရှိ ကုမ္ပဏီများအတွက် ၎င်းသည် ဘာကို ဆိုလိုပါသနည်း။ ၂၀၁၉ IDAHOT နေ့အတွက် သင့်ကုမ္ပဏီ ဘာတွေ လုပ်ဆောင်နိုင်ပါသလဲ။**

၂၀၁၈ ခုနှစ်တွင် **(LGBTI)** အခွင့်အရေးအတွက် လုပ်ဆောင်နေသည့် မြန်မာအခြေစိုက် **Colors Rainbow** အဖွဲ့သည် ရန်ကုန်နှင့် မန္တလေးမြို့များတွင် **(LGBTI)** များ၏ လုပ်ငန်းခွင်အခြေအနေကို အကဲဖြတ်ထားသည့် လေ့လာမှုတစ်ခုကို ထုတ်ဝေခဲ့ပါသည်။ မြန်မာနိုင်ငံတွင် **LGBTI** များ အပေါ် လူ့အဖွဲ့အစည်းမှ ခွဲခြားဆက်ဆံမှုသည် စာသင်ကျောင်းမှ နောက်ဆက်တွဲအထိ ကြုံတွေ့နေ ရကြောင်း ဖော်ထုတ်ခဲ့ပါသည်။ ကုမ္ပဏီများအနေဖြင့်လည်း ဤခွဲခြားဆက်ဆံမှုကို ဆန့်ကျင်သည့် မူဝါဒများ

ချမှတ် အကောင်အထည်ဖော်ရန် အရေးကြီးကြောင်း တွေ့ရှိခဲ့ပါသည်။ မြန်မာနိုင်ငံတွင် မိမိနဲ့ လိင်အမျိုးအစားတူတဲ့သူ အချင်းချင်းကို ဖြစ်စေ၊ လိင်တူလိင်ကွဲနှစ်မျိုးစလုံးကို ဖြစ်စေ မေတ္တာသက်ဝင်ချစ်ခင်မြတ်နိုးသောသူ (homosexuality) များနှင့် ပတ်သက်ပြီး နားလည်မှုလွဲမှားနေသော အယူအဆများ ရှိနေသေးကြောင်း ပြသနေပါသည်။

၂၀၁၈ ခုနှစ် **IDAHOT** အတွက် **Colors Rainbow** အဖွဲ့သည် အခြားသောနိုင်ငံတကာ အဖွဲ့အစည်းများဖြစ်ကြသည့် သံရုံးများနှင့် ကုလသမဂ္ဂရုံးများနှင့်အတူ **Rainbow** အလံများ တနေ့လုံး လွှင့်ထူခဲ့ပါသည်။ အဖွဲ့အစည်းပေါင်း ၂၅ ဖွဲ့သည် ဤသို့သော် လုပ်ဆောင်မှုပြုလုပ်ခဲ့ကြပြီး ၎င်းတို့၏ လူမှုကွန်ယက် **Facebook** စာမျက်နှာများတွင်လည်း ညီညွတ်မှုများကိုလည်း ပြသခဲ့ကြပါသည်။ https://dayagainsthomophobia.org/tag/myanmar/ ယခုနှစ်တွင် စီးပွားရေးအသိုက်အဝန်းများကို ယခုလုပ်ရှားမှုတွင် ပါဝင်ရန် တိုက်တွန်းအားပေးလိုပါသည်။ သင်တို့၏ အကူအညီဖြင့် တန်းတူညီမျှအရေး ထောက်ခံမှုတစ်ခု အခိုင်အမာအောင်မြင်မှုရမည်ဟု မိမိတို့ ယုံကြည်ပါသည်။ မကြာသေးခင်က ကုမ္ပဏီများနှင့် အခြားအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ရန် **MCRB** ၏ သတင်းဂျာနယ်မှ ဖိတ်ကြားခဲ့ရာ မြန်မာနှင့် နိုင်ငံခြားကုမ္ပဏီများနှစ်ရပ်လုံးမှ အဖွဲ့အစည်းပေါင်း ၂၀ ကျော် ပူးပေါင်းပါဝင်လိုကြောင်း ကျွန်ုပ်တို့ကို ဆက်သွယ်လာပြီးဖြစ်ပါသည်။ သင်တို့လည်း ၎င်းတို့နှင့်အတူပူးပေါင်းပါဝင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ စံသတ်မှတ်ချက်များကို ထောက်ခံမှုမရှိသေးသည့် အခြားသော အဓိကကျသည့် ကုမ္ပဏီများကို ဤအလားတူစာများ ပေးပို့သွားပါမည်။

သင်တို့သည်လည်း ကုလသမဂ္ဂ စံနှုန်းများနှင့်အညီ စည်းလုံးညီညွတ်မှုကို အများပြည်သူ မြင်တွေ့နိုင်မည့်နေရာတွင် ပြသနိုင်ပါသည်။

- **Rainbow အလံလွှင့်ထူခြင်း.** အလံတိုင်မရှိလျှင်လည်း တံခါးပေါက် (သို့) ပြတင်းပေါက် (သို့) လသာဆောင်တွင်လည်း ချိတ်ထားနိုင်ပါသည်။ Rainbow အလံရယူလိုလျှင် ဆက်သွယ်ရန် Colors Rainbow အဖွဲ့မှ တင်နွယ်အေး (tinnweaye.crb@gmail.com and 09400447181) ကမ်းသာယာ ကွန်ဒို အခန်း (၆၀၄/၆၀၅) (၆)လွှာ ကြည့်မြင်တိုင်၊ ကမ်းနားလမ်း၊ ရန်ကုန် သို့ဆက်သွယ်ပါရန်။
- **လူမှုကွန်ယက်တွင်လည်း အလံလွှင့်နိုင်ပါသည်။** သင်တို့၏ ကုမ္ပဏီ Facebook စာမျက်နှာ (သို့) သင်၏ ကိုယ်ပိုင် Facebook စာမျက်နှာတွင် IDAHOT 2019 Myanmar rainbow frame ကို ထည့်သုံးခြင်းဖြင့်လည်းလုပ်ဆောင်နိုင်ပါသည်။ (မကြာခင် MCRB နှင့် Colors Rainbow အဖွဲ့မှ ရယူနိုင်ပါသည်။)
- **လိင်တူချစ်သူ တန်းတူအခွင့်အရေးအပါအဝင် မတူကွဲပြားမှုများအကြောင်းပြောဆိုဆွေးနွေးခြင်း** အားလုံးပါဝင်မှု နှင့် အလုပ်ခွင်တွင် မတူကွဲပြားမှု၏ တန်ဖိုးများ နှင့် ပတ်သက်ပြီး သင်၏ ဝန်ထမ်းများနှင့် အတူ ဆွေးနွေးမှုများပြုလုပ်ပါ။ အသိပညာဆွေးနွေးမှုအတွက် အထောက်အကူပစ္စည်းနှင့် ဗီဒီယိုများ Colors Rainbow အဖွဲ့မှထောက်ပံ့ပေးနိုင်ပါသည်။ ကျေးဇူးပြု၍ Colors Rainbow အဖွဲ့မှ တင်အေးနွယ်သို့ ဆက်သွယ်နိုင်ပါသည်။ သင်တို့၏ လုပ်ငန်းခွင်တွင် လိင်တူချစ်တူ တန်းတူအခွင့်အရေး အသိပညာ ဆွေးနွေးချက်များပြုလုပ်လိုလျှင် Colors Rainbow အဖွဲ့ကိုလည်း ဖိတ်ကြားနိုင်ပါသည်။ (မေလ

၁၇ရက်နေ့မှလွဲ၍) ၎င်းဆွေးနွေးချက်များနှင့် ပတ်သက်ပြီး လူ့စွမ်းအားအရင်းမြစ် မန်နေဂျာများအတွက် အထောက်အကူဖြစ်ရန် မေလ ၇ရက်နေ့တွင် MCRB အဖွဲ့မှ ကျင်းပပြုလုပ်မည့် မတူကွဲပြားမှုများနှင့် လေးစားမှုရှိသောလုပ်ငန်းခွင် အလုပ်ရုံဆွေးနွေးပွဲကို လုပ်ငန်းခွင်တွင် တန်းတူညီမျှရေးအကြောင်း လိင်တူချစ်သူဝန်ထမ်းများနှင့် ဝယ်ယူစားသုံးသူ ဖောက်သည်များ အပါအဝင် ကောင်းမွန်သောအလေ့အကျင့်များ အကြောင်းဆွေးနွေးသွားပါမည်။ ယင်းအလုပ်ရုံ ဆွေးနွေးပွဲနှင့် ပတ်သက်ပြီး မေးမြန်းလိုလျှင် MCRB အဖွဲ့မှ Myint Naing Kyaw (myint.naing.kyaw@myanmar-responsiblebusiness.org) (သို့) ၀၉ ၄၅၀ ၂၃၆ ၁၄၆ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

- **စံသတ်မှတ်ချက်များအပေါ် ကတိကဝတ်ထားခြင်း** သင်တို့၏ကုမ္ပဏီသည် လိင်တူချစ်သူ တန်းတူအခွင့်အရေးအတွက် ထောက်ခံရန် အခြားရာနှင့်ချီသောကုမ္ပဏီများနှင့်အတူ ကတိကဝတ်အပေါ် လက်မှတ်ရေးထိုးလိုလျှင် Salil Tripathi (salil.tripathi@ihrb.org), Senior Adviser, Global Issues, Institute for Human Rights and Business (IHRB), သို့ဆက်သွယ်နိုင်ပါသည်။ Salil Tripathi သည် MCRB ၏ co-founders တစ်ဦးလည်းဖြစ်သလို စံသတ်မှတ်ချက်ရေးဆွဲရာတွင်လည်း ပါဝင်ခဲ့သူ တစ်ဦးဖြစ်သည်။

မြန်မာနိုင်ငံ တန်းတူညီမျှလှုပ်ရှားမှုတွင် သင်တို့ကုမ္ပဏီပူးပေါင်းပါဝင်မည်ဟု မျှော်လင့်ပါသည်။ သင်တို့ထံမှ အကြောင်းပြန်ကြားချက်ကို လက်ခံရရှိမည်ဟု မျှော်လင့်ပါသည်။


Vicky Bowman

Director, MCRB

Khin Ma Ma Aye

Executive Director, Colors Rainbow

Annex I

LGBTI များအပေါ် ခွဲခြားဆက်ဆံမှုများကို ကိုယ်တွယ်ဖြေရှင်းရန် စီးပွားရေးလုပ်ငန်းများအတွက် ကျင့်ဝတ်စံနှုန်းများ https://www.myanmar-responsiblebusiness.org/resources/un-standards-of-conduct-lgbti.html

Annex II (source UNOHCHR)

As of March 22nd, 2019, the 242 companies have already expressed support for the UN Standards:

180hb, ABN Amro, The Adecco Group, Accenture, Accor Hotels Group, Adidas, Aetna, AirBNB, Airbus, Air Canada, Amadeus, Amalgamated Bank, American Airlines, Anglo-American, ANZ, Aon plc, A.P. Moller – Maersk, Argos, Atos, A.T. Kearney, AT&T, Avianca, Aviva, Avon, AXA, Baker McKenzie, Banca Comunicacao, Banco do Brasil, Barclays, Barilla, Bayer, BASF, BBVA, BCLP (Bryan Cave Leighton Paisner), Becton Dickinson and Company, The Boston Consulting Group (BCG), BDMG - Banco de Desenvolvimento de Minas Gerais, Ben & Jerry, Best Buy, Biogen, Bloomberg L.P., BNP Paribas, BNY Mellon, Braskem, Brewin Dolphin, Bristol-Myers Squibb, Burberry, Café Brisa Serena, Calvin Klein, The Carlyle Group, Carta, Cervejaria Ambev, Cisco Systems Inc., Clifford Chance LLP, Cobasi, ClubMed, The Coca-Cola Company, Credit Suisse, Daimler, De Beers, Deloitte, Demarest Advogados, Deutsche Bank, Deutsche Post DHL Group, Deutsche Telekom, Diageo, Dili Ashtanga Yoga, Dilicious, Dow Chemicals, DWF, Eataly, Ebay, EDF, Erste Bank, EY, Exelon, Fidelity International, Fotos Publicas, Foozoo Travel Sri Lanka, Freshfields Bruckhaus Deringer LLP, Fujitsu, Generation Investment, The Gap, GlaxoSmithKline, Godrej Industries, Gol Linhas Aéreas Inteligentes, Google, Granite Solutions Group, Greenberg Traurig LLP, Grupo Sa Engenharia, Gucci, Habitat, H&M, Hemofarm, Henry Schein, Herbert Smith Freehills LLP, Hermes Investment Management, Hilton, Hogan Lovells LLP, HP, Hyatt, IFF, IGH, IKEA Group, Inditex, Infosys, ING, Intel, Ipsos, Itau Unibanco, JLL, Johnson & Johnson, JWT, Kellogg, Kenneth Cole Production, KPMG, The Lalit Hotels, Lee/Brock/Camargo Advogados (LBCA), Levi Strauss & Co, Lloyd's of London, Lloyds Banking Group, L'Oreal, Lufthansa, Lululemon, Lush Fresh Handmade Cosmetics, LVMH, Louis Dreyfus Company, Manpower Group, Maria Farinha Filmes, Marks & Spencer, Marsh, MAS

Holdings, Marriott International, Marui group, Mastercard, Mattos Filhos, Mazars, Metro AG, Microsoft, McCann, McKinsey, MCV Advogados, Merck Group, Molson Coors, Monsanto, Moom, Nasdaq, Natura, Nestle, Netflix, New York Life, Nielsen, Nike, Nokia, Novartis, Oath, Panda Criativo, Ogilvy, Oliver Wyman, Omnicom, One Magical Week-End, Orange, Orkla, Ørsted A/S, OutLoud Strategies, The Palladium Group, Paul Weiss, Paramount, PepsiCo, Pfizer, PIMCO, Pinheiro Neto, Pinsent Masons LLP, Pixelasia Productions Dili, The Phluid Project, Ponto Link, Procter & Gamble, Publicis, PVH, PWC, Ralph Lauren Corp, RELX Group, RBS, Robert Bosch GmBH, Royal Caribbean, Royal Dutch Shell , Safilo Group S.p.A., Salesforce, Sainsbury's, Sanofi, Santana, Santander Group, SAP, Siemens, Simmons & Simmons, Schneider Electric SE, Slack, Smirnoff, SNC-Lavalin, Société Générale, Sodexo, Sonders and Beach Group, Spotify, [SS*X BBOX], Stanley Black & Decker, Suit Supply, Swiss RE, Syngenta, Telefonica, Telenor, Teleperformance Philippines, Tesco, Teva, The North Face, Thomson Reuters, Thyssen Krupp, Timor-Leste Coral Triangle Heritage Alliance, Tommy Hilfiger, Trench/Rossi e Watanabe Advogados, Trillium Asset Management, Twitter, Uber, UBS, Um.a, Under Armour, UniCredit, Unilever, Vector, Veirano Advogados, Veolia, Vert Asset Management, VF Corporation, Viacom, Virgin, Visa, Vodafone, Westpac, Williams-Sonoma Inc, Xerox and Zara